# ပဋိဇီဝဆေးများကိုစနစ်တကျကိုင်တွယ်ထိန်းချုပ်ရန် သင်၏အကူအညီ လိုအပ်ပါသည်။





ပဋိဇီဝဆေးများသည် လူနှင့်တိရစ္ဆာန်များတွင် ကူးစက်ရောဂါပိုးများကို ကာကွယ်ကုသရန် မရှိမဖြစ်လိုအပ်သောဆေးဝါးများဖြစ်ပါသည်။

သို့သော်ပဋိဇီဝဆေးများ ပိုမိုသုံးစွဲခြင်းနှင့်လွဲမှားစွာ အသုံးပြုမှုကြောင့်အဆိုပါဆေးဝါးများ၏ ထိရောက် မှု အာနိသင်ကျဆင်းလျက်ရှိသည်။

- ထိုကဲ့သို့ တန်ဖိုးရှိဆေးဝါးများကို စည်းကမ်းမဲ့သုံးစွဲလိုက်တိုင်း ရောဂါပိုးမွှားများ၏ ဆေးယဉ်ပါးမှုအန္တရာယ်သည် လည်း ကြီးထွားလာမည်ဖြစ်ပါသည်။ ဘက်တီးရီးယားပိုးမွှားများသည် ဆေးယဉ်ပါးမှုဖြစ်ပွားပါက ပဋိဇီဝဆေးဝါး များ၏ ထိုဘက်တီးရီးယားပိုးများအပေါ်ထိရောက်မှုအာနိသင်မရှိတော့ဘဲ ရောဂါများကို ကုသ၍မရနိုင်တော့ပါ။ ဤဖြစ်စဉ်ကို ပဋိဇီဝဆေးယဉ်ပါးမှုဟုခေါ်ပါသည်။
- ပဋိဇီဝဆေးယဉ်ပါးမှုသည် တိရစ္ဆာန်နှင့် လူသားတို့၏ ကျန်းမာရေးကို ခြိမ်းခြောက်နေပါသည်။ ပဋိဇီဝဆေးအသစ်များ ထွက်ပေါ်လာခြင်းသည်လည်း ပဋိဇီဝဆေးယဉ်ပါးမှုတိုးမြင့်လာမှုကို မထိန်းထားနိုင်ပေ။ ယခုအချိန်မှစ၍ မိမိဘာသာကာကွယ်ရန် လိုအပ်ပါသည်။။
- လက်ရှိအသုံးပြုနေသောပဋိဇီဝဆေးအမျိုးအစားများ၏ အစွမ်းအာနိသင်နှင့် ဈေးကွက်အတွင်း ဆက်လက် ရရှိနိုင်မှုကို သိရှိရန် လိုအပ်လှပါသည်။ အဆိုပါတန်ဖိုးရှိဆေးဝါးများကို ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ အပြည်ပြည်ဆိုင်ရာစံသတ်မှတ်ချက်များ အတိုင်း စဉ်းစားချင့်ချိန် အသုံးပြုခြင်းဖြင့် အဆိုပါဆေးဝါးများ၏ အာနိသင်ထိရောက်မှုကို ထိန်းသိမ်းနိုင်မည်ဖြစ်ပါသည်။

ကျွန်ုပ်တို့အားလုံးက
သင့်ကို
လိုအပ်နေပါတယ်



> ကျွန်ုပ်တို့အားလုံးတွင် ဆေးယဉ်ပါးမှုပြဿနာအတွက် တာဝန် ကိုယ်စီ ရှိကြပြီး (သင်) ဆေးဝါးသုံးစွဲသူများ အနေဖြင့် ကူညီဖြေရှင်းနိုင်ပါသည်။

- ပဋိဇီဝဆေးများဆေးဝါးများ၏ အာနိသင်ထိရောက်မှုကို တည်တံ့အောင် ထိန်းသိမ်း နိုင်ရန်အတွက် အဆိုပါဆေးဝါးများကို စဉ်းစားချင့်ချိန် အသုံးပြုရန် ကျွန်ုပ်တို့အားလုံး အတူတကွလုပ်ဆောင်ရန်လိုအပ်ပါသည်။ ကောင်းမွန်သော တိရစ္ဆာန်မွေးမြူရေး၊ ဘေးကင်းလုံခြုံမှု၊ ကာကွယ်ဆေးထိုးနှံခြင်းနှင့် ကောင်း မွန်သော တိရစ္ဆာန်မွေးမြူရေး ကျင့်စဉ်များကို ဦးစားပေးဆောင်ရွက်ခြင်းဖြင့် တိရစ္ဆာန်ကျန်းမာရေး ကောင်းမွန် အောင် စောင့်ရှောက်နိုင်ပါသည်။

- ပဋိဇီဝဆေးယဉ်ပါးမှုသည့်ပိုးမွှားများပြဿနာကို ကိုင်တွယ်ဖြေရှင်းရေးသည် ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့၏ ဦးစားပေးရည်မှန်းချက်ဖြစ်ပါသည်။
- ကမ္ဘာ့တိရစ္ဆာန်ကျန်းမာရေးအဖွဲ့သည် နိုင်ငံတကာစံချိန်စံညွှန်းများအရ ပဋိဇီဝဆေးများကို စဉ်းစားချင့်ချိန်အသုံးပြုရေးသည် လူသားကျန်းမာရေး၊ တိရစ္ဆာန်ကျန်းမာရေးနှင့် တိရစ္ဆာန်ကောင်းကျိုးချမ်းသာအတွက် အရေးကြီး သောကြောင့် တိရစ္ဆာန်မွေးမြူသူများအပါအဝင် ကမ္ဘာ့အားလုံးတွင် တာဝန်ရှိ ပါသည်။

For more information: **www.oie.int/amrstandards**

# တိရစ္ဆာန်မွေးမြူသူများ (ထုတ်လုပ်သူများ)

မွေးမြူထုတ်လုပ်

- တိရစ္ဆာန်မွေးမြူသူများ (အကြီးစားမွေးမြူသူများ၊ ငါးမွေးမြူသူများ၊ တပိုင်တနိုင်မွေးမြူသူများ) သည် ကမ္ဘာမြေကြီးအတွက် အစာထုတ်လုပ်ပေးခြင်းမှာ အဓိကအခန်းကဏ္ဍအနေဖြင့် ပါဝင်နေသဖြင့် တိရစ္ဆာန်မွေးမြူသူများသည် မိမိတို့၏တိရစ္ဆာန်ကျန်းမာရေးကို စောင့်ရှောက်ခြင်းဖြင့် စားသုံးသူများ၏ အစားအစာဘေးကင်းလုံခြုံမှုနှင့် ကျန်းမာရေးကို စောင့်ရှောက်လျက်ရှိပါသည်။
- တိရစ္ဆာန်ကျန်းမာရေးအတွက် ပဋိဇီဝဆေးများကို စဉ်းစားချင့်ချိန်အသုံးပြုခြင်းဖြင့် ပဋိဇီဝဆေးယဉ်ပါးမှုကိုလျော့ချနိုင်မည်ဖြစ်ပါသည်။ ယနေ့မှစတင်လုပ်ဆောင်ခြင်းဖြင့် ပဋိဇီဝဆေးများ၏အာနိသင်ကို ကာကွယ်နိုင်မည်ဖြစ်ပါသည်။

## တိရစ္ဆာန်မွေးမြူထုတ်လုပ်သူများသည်

၁ တိရစ္ဆာန်ဆေးကုဆရာဝန်ညွှန်ကြားသည့် ပဋိဇီဝဆေးဝါးများကိုသာ အသုံးပြုသင့် သည်။ ရောဂါတိုင်းသည် ပဋိဇီဝဆေးဖြင့် ကုသရန် မလိုအပ်ပေ။

၂ တိရစ္ဆာန်ဆေးကုဆရာဝန်မှညွှန်သောဆေး အဆအတိုင်း တိတိကျကျ ပေးရမည်။

၃ တိရစ္ဆာန်ပြန်ကောင်းသည့်တိုင်အောင် ကုသရမည့်ရက်ပြည့်သည်အထိကုသ ရမည်။

၄ ပဋိဇီဝဆေး၏အရည်အသွေးကို အာမခံ ပေးနိုင်သည့်နေရာမှ ဆေးများကိုသာ သုံး သင့်သည်။

၅ ကောင်းမွန်သောတိရစ္ဆာန်မွေးမြူရေး၊ ဇီဝလုံခြုံရေးနှင့် စီမံခန့်ခွဲရေးတို့ကို အသုံးပြုပါ။ တိရစ္ဆာန်မွေးမြူထုတ်လုပ်သူ များသည် မိမိတို့၏တိရစ္ဆာန်ကျန်းမာရေး ကို တိရစ္ဆာန်ဆေးကုဆရာဝန်များနှင့် တိုင်ပင်ဆောင်ရွက်သင့်သည်။

၆ အသုံးပြုခဲ့သောပဋိဇီဝဆေးများကိုလည်း မှတ်တမ်းများထားရှိသင့်သည်။




@ For more information: **www.oie.int/amrstandards**

Funded by UK Government

WORLD ORGANISATION FOR ANIMAL HEALTH

*Protecting animals, preserving our future*